စိုးမိုးစာပေ


## ဆုလေးနွယ်

(ရန်ကုန်တက္ကသိုလ်)


# အလွမ်းနဲ့ မျက်နှာသစ်မိတဲ့ မနေ့မှာ



ကိုယ်ကျင့်သိက္ခာ

ကောင်းမွန်ဖြူစင်တဲ့

မိန်းကလေးတစ်ယောက်ပဲ

ထာဝရဖြစ်ချင်တဲ့ အတွက်

မျက်နှာများ ဖို့ ဘယ်တုန်းကမှ

စိတ်ကူးမရှိခဲ့ပါဘူး။

တစ်ယောက်ဆိုတစ်ယောက်ပဲ

တစ်သက်လုံးချစ်ချင်ခဲ့တယ်။

ဒါပေမဲ့ လည်း လေ ..

ရင်ထဲကနှလုံးသားကို

တဖျပ်ဖျပ်ခါ တလျပ်လျပ်ဖိုစေတဲ့

ပူလောင်ပြင်းရှတဲ့ အချစ်တစ်ခုကို ...

စိတ်ပျက်မိတဲ့ ကာလတစ်ခုမှာ

သိပ်ကို ငြိမ့်ညောင်းလှပတဲ့

စမ်းချောင်းကလေး ဖြာစီးဆင်းသလို

ရင်ကိုအေးမြစေတဲ့

လေးစားအားကိုးဖွယ်

မြတ်နိုးစရာ လူတစ်ယောက်ကို

နှလုံးသားက တိတ်တိတ်ကလေး

ထပ်မံတွေ့ရှိခဲ့ပါတယ်။

## ငွေလမှုန်မှုန်

ငွေလမှုန်မှုန်ရဲ့ ခရေစီက အရုပ်ကလေးတွေ၊ ဖိနပ်ကလေးတွေကို သဘောကျနှစ်ခြိုက်မိခြင်းပါပဲ။

အရုပ်ကလေးတွေကို ညအိပ်တဲ့ အခါမှာ ပွေ့ပိုက်ပြီးအိပ်တတ်တာက ကလေးဘဝကတည်းက အကျင့်တစ်ခု ဖြစ်နေပြီ။ ခုထက်ထိလည်း အိပ်ရာထဲမှာ အရုပ်တွေ ပွေ့ပွေ့ပိုက်ပိုက်ထားမိတုန်းပါ။

ကိုဒေးကတော့ သူမကို ကလေးဆန်တယ်လို့ တွေးနေမှာ မလွဲပေ။ ငွေလမှုန်မှုန်သည် အမည်ကလေးက ကဗျာဆန်သလိုလူကလည်း နူးညံ့လှပသည် ။ သူမက လောကကြီးကို အကောင်းမြင်စိတ်ဖြင့် ကြည့်ရှုတတ်သူလေးဖြစ်ရာ ပတ်ဝန်းကျင်မှာ တွေ့ရတဲ့ ပန်းကလေးတွေ၊ သစ်ပင်တွေကို သဘောကျသလို ရွှေ့လျားနေတဲ့ မိုးတိမ်တိုက်တွေ၊ ညအခါ ထွက်ပြူလာတဲ့ ငွေလမင်းနှင့် ကြယ်ကလေးတွေ၊ မနက်ခင်းမှာ အော်မြည်တတ်တဲ့ ကျေးငှက်သာရကာလေးတွေ၊ ဟိုဒီဝဲ့ဝဲ ပျံမြူးနေတဲ့ လိပ်ပြာရောင်စုံလေးတွေ၊ သွားလာလှုပ်ရှားအော်မြည်နေတဲ့ တိရစ္ဆာန်ငယ်လေးတွေ အားလုံးပဲ ချစ်စရာကောင်းတယ်လို့ ထင်မိသည် ။

စိတ်နှလုံး သိမ်မွေ့အေးချမ်းသော၊ ရုပကာလေးကလည်း ချောမွေ့ပြေပြစ်သော မိန်းမငယ်လေး တစ်ယောက်သာ ဖြစ်ပါသည် ။

အရွယ်ရောက်လို့ နှလုံးသားလေးက လှုပ်ရှားစိတ်ကစား လာပြီဆို တော့လည်း ယောက်ျားလေးတစ်ယောက်ကို ယုံကြည်ကိုးစား၍ ရူးရူးမူး မူး ချစ်တတ်ခဲ့ပါသည် ။

အချစ်ကို မြတ်မြတ်နိုးနိုး ကိုးကွယ်တပ်မက်ခဲ့သည် ။ အမှန်တကယ် တော့ အချစ်ဆိုတာ အဲဒီလောက်ကြီး ဘဝတစ်ခုလုံး စုံးစုံးမြုပ်အောင် န စ်မြုပ်ခဲ့ပြီး ဖက်တွယ်ထားအပ်တဲ့ အရာမဟုတ်မှန်းငွေလ နောင်မှ သာ သိခဲ့ရသည် ။

လူတစ်ယောက်အတွက် အရေးကြီးတဲ့ ဘဝအေးချမ်းလုံခြုံမှု၊ စိတ်ချ မ်းသာပျော်ရွှင်မှုတို့ ဟာ အချစ်ဆိုတဲ့ အရာနှင့် လုံးဝမရောထွေးသင့်ဘူး ဟု သူမ ခါးသီးစွာ နားလည်လာချိန်က ပြောရမည်ဆိုလျှင် အချိန်နော က်ကျခဲ့သည် ။ နောင်တနှင့်အတူတူ ဘဝသင်ခန်းစာတစ်ခုကို ငွေလ နှ လုံးသားနှင့်ရင်းပြီးမှ သာ နားလည်သဘောပေါက်ခဲ့ရတာ ဖြစ်သည် ။

ရင့်ကျက်ခဲ့ပြီ၊ သွေးအေးခဲ့ပြီလို့ ထင်မိတဲ့ အချိန်မှာ ငွေလဟာ တစ် ယောက်တည်းမဟုတ်တော့ပါ။ ငွေလ နံဘေးမှာ ကိုဆန်းဒေးမင်း ရှိခဲ့ပြီ ။ ငွေလဗိုက်ထဲမှာ ရင်သွေးလေး လွယ်ထားခဲ့ပြီလေ။

ငွေလသည် ပျင်းပျင်းရှိသည် နှင့် ရေမိုးချိုး အဝတ်အစားလဲပြီးနော က် စီးတီးမတ်ထဲဖက် ခဏလမ်းလျှောက် ထွက်ကြည့်ဖို့ စိတ်ကူးနှင့် အိ မ်တံခါးမကြီးနားက ဖိနပ်စင်လေးအနီးသို့ လျှောက်ခဲ့သည် ။

လေးဆင့်ရှိသော ဖိနပ်စင်မီးခိုးရောင်လေးပေါ်မှာ လေးထပ်စလုံးအပြည့် သူမစီးနေကျ ဖိနပ်တွေ။

ဖိနပ်ခရေဇီမို့ အပြင်ထွက်တိုင်း ဖိနပ်တွေချည်းဝယ်ဖို့ စိတ်ကူးရှိတာ မို့ သူမဆီမှာ ဖိနပ်ရောင်စုံတွေ အရုံပေါင်းများ စွာရှိ၏။

အင်္ကျီအဝတ်အစား အရောင်အသွေးစုံအောင် ရှိသလို ဖိနပ်လည်း ပဲ အရောင်စုံအောင် အများ အပြားရှိပါသည် ။

အဲဒီထဲကမှ ကြိုးသိုင်းဖိနပ် မရမ်းရောင်လေးကို စင်ပေါ်ကနေ ယူချလိုက်သည် ။

ကြွေပြားခင်းဖြူဖြူပေါ်မှာ ဖိနပ်ကလေးက ပိုလှသွားသယောင်ယောင် ထင်ရသည် ။

ငွေလသည် အရင်ကလိုပဲ အမှတ်တမဲ့နှင့် ဖိနပ်ကိုစွပ်၊ ကြိုးကို ငုံ့ပြီး သိုင်းချည်ဖို့ ပြင်မိတော့မလို ရှိပြီးမှ မဖြစ်သေးပါဘူးဟု ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်ရသည် ။

ကြိုးသိုင်းဖိနပ်ကို အသေအလဲကြိုက်မိတာက ခုချိန်မှာ တော့ ပြဿနာပဲပေါ့။

ဒီနေရာမှာ ကွင်းထိုးဖိနပ်၊ ခြေညှပ်ဖိနပ်ဆို ဘာမှ ကိစ္စမရှိဘူးလေ။

အခုတော့ အခက်တွေ့နေရပြီ။ ခုံတစ်လုံး အရင်လိုနေပြီ။

အမှတ်တမဲ့ ဖျတ်ခနဲ ခါးကုန်းမိလို့ မရဘူးလေ။

ကိုဒေးကရော မေမေကရော အဲဒါပဲမှာ နေ၊ သတိပေးနေကြတာ။

ငွေလကလည်း ငွေလပါ။

ခုထက်ထိ အကြိုက်ကိုမပြောင်း။ အဆင်ပြေတာကို ပြောင်းလဲမရွေးချယ်နိုင်သေး။

ဖိနပ်ဆိုရင် အနိမ့်ဖြစ်ဖြစ်၊ အမြင့်ဖြစ်ဖြစ် ပါးသည် ဖြစ်စေထူသည် ဖြစ်စေ၊ အရှေ့ခြေဖမိုးက ဘာပုံဖြစ်ဖြစ် ရပေမယ့် နောက်ဘက်မှာ သိုင်းကြိုးလေးပါမှ ကြိုက်တာ။

ကြိုးသိုင်းဖိနပ်ဆိုတာကလည်း မျိုးစုံတယ်လေ။ တချို့ကလွယ်လွယ် သိုင်းချည်လို့ ရပေမယ့် တချို့က ခဲယဉ်းသည် ။

ကပ်ခွာလေးနှင့် ဆိုရင်တော့ လွယ်တာပေ့ါ။

တချို့က ဆွဲနိုင်ဆန့်နိုင်သော ရှုံ့ကြိုးလေး တပ်ဆင်ထားတာ။ အဲဟို ရှုံ့ကြိုးပါလာရင်တော့လည်း အဆင်ပြေတာပါပဲ။

သို့သော် အခုချထားလိုက်တဲ့ မရမ်းရောင်လေးက ကာလာက တ အားလှပြီး လယ်သာအစစ်ကလေး ဖြစ်ပေမဲ့ ကြိုးသိုင်းကကျတော့ ကြိုးကို ကွင်းကလေးထိုး၊ ပြီးရင် ပြန်ထုတ်၊ ပြီးမှ အပေါက်ကလေးထဲ ထည့်ရတဲ့ ပုံစံ။ ဘယ်သူကများ ဒီလောက်ခဲရာခဲဆစ် စထွင်ခဲ့တယ်မသိပါ။ တစ်ခါဖိနပ်စီးဖို့ အရေး လက်ဝင်လိုက်တာနော်။

ဒါကြောင့် ကိုဒေးကပြောတာ

"ကြိုးသိုင်းတွေ မစီးပါနဲ့ တော့လားကွာ၊ ကွင်းထိုးဖြစ်ဖြစ် ခြေညှပ်ဖြစ်ဖြစ် စီးပါလား၊ ကိုယ်ဝယ်လာခဲ့ရမလား" တဲ့ ။

"ငွေလက မပေ့ါမပါးကြီးနဲ့ လေ၊ တော်ကြာ လရင့်လာရင်ပိုပြီးနေရ ခက်ဦးမှာ ၊ ခါးကို အမှတ်တမဲ့ ကုန်းလိုက်မိလို့ မဖြစ်ဘူးလေ၊ ငွေလလည်း သိရဲ့ သားနဲ့ ကွာ" ဟု ချော့ချော့မော့မော့လေး သတိပေးသေးသည် ။

သူပြောပုံဆိုပုံ လေယူလေသိမ်းလေးကိုက စိတ်ရှည်သဘောကောင်းပြီး ကြင်နာတဲ့ အသံမျိုး ပေါက်နေတော့ ဘာလေးပဲပြောပြော နားထောင်ကောင်းပြီး ကြားရသူက နာယူချင်စိတ်ပေါက်မိတာအမှန်ပါ။

အခုလည်း ဖိနပ်ကြိုး ကုန်းချည်မယ်ပြင်တော့ သူ့စကားသံကို ငွေလနားထဲ ဖျတ်ခနဲ ကြားယောင်ပြီး လူက အလိုလိုရပ်တန့်သွားမိတာ။

ငွေလကို ဂရုတစိုက် အမြဲဖေးမတတ်တဲ့ သဏ္ဍာန်ကိုလည်း အာရုံမှ အလိုလို ပုံပေါ်လာပါသေးသည်။

အင်း ငါယောက်ျားရ ကံကောင်းလိုက်တာဆိုတဲ့ ပီတိက နှလုံးသားမှာ ဖြာခနဲ့နွေးလေသည်။

ငွေလမှုန်မှုန်ရဲ့ နှုတ်ခမ်းလေးတွေကလည်း ကြည်နူးစွာ ဖွဖွလေးပြုံးလာရသည်။

သူသာ ငွေလအနားမှာ ရှိရင်တော့ ဘာလိုအပ်မလဲ။ ဘာလုပ်ပေးရမလဲ အမြဲတမ်း စောင့်ကြည့်နေတတ်သူဆိုတော့ လှစ်ခနဲ အပြေးလေး ရောက်လာမှာ သေချာသည်။

ပြီးရင် ဖိနပ်ကို ကိုယ်တိုင်ယူပြီး

"မဗိုက်ရေ ခါးတော့မကုန်းလိုက်ပါနဲ့၊ သိပ်လှချင်ရင် ကိုယ်စီးပေးပါ့မယ်၊ လာ လာ ခြေထောက်ကလေး ဒီမှာ ချ" ဟု ကိုယ်တိုင် သွက်သွက်လက်လက်စီးပေးမှာ မြင်ယောင်သည်။

အခုဆိုရင် ငွေလက ဘာကိစ္စလေး အသေးအဖွဲ့မှာ ဖြစ်ဖြစ် ကိုဒေးကိုပဲ အားကိုးတတ်၊ တမ်းတတတ်ခဲ့ပါပြီ။ သူ့အယုအယနှင့် အကြင်နာတို့ကြားမှာ လူက မွေ့လျော်အသားကျနေခဲ့ပြီ။

ငွေလက အားတွေနာပြီး သူ့ပခုံးကို ဆုပ်ကိုင်ပြီး

"ကန်တော့နော် ကိုဒေး၊ ကန်တော့"

ဟု ကမန်းကတန်းဆိုလျှင် သူကရယ်ချင်ပြုံးနှင့်

"ကိုယ့်ကို ပညာပေးနေတာ ဒီထဲကကောင်ကွ၊ အပြင်တောင် မရောက်သေးဘူး ဗိုက်ထဲကနေ ခိုင်းနေတာဟု "ပြုံးပြုံးကြီး ပြန်ပြောတတ်သ

ည် ။

ငွေလဖိုက်ထဲက ကလေးကို အခုကတည်းက သူသည်းသည်းလှုပ် ချစ်နေတာ။ ဒီကောင်ကွာ ... ဒီကောင်ကွာနှင့် အသည်းယားသလို ရေရွတ်တတ်သည် ။

ကိုဒေးရယ်။

ငွေလလေ ကိုဒေးကို အသည်းထဲက လှိုက်လှိုက်လှဲလှဲကြီး ကျေးဇူးတင်မိပါတယ်။ အရမ်းလည်း လေးစားအထင်ကြီးမိပါတယ်။ ယောကျ်ားပီသပြီး စွန့်လွှတ်အနစ်နာခံတတ်တဲ့ ကိုဒေးနှလုံးသားကိုလည်း တန်ဖိုးထား ဂုဏ်ယူမိပါတယ်။

ကိုဒေး ငွေလကို ဒီလောက်ထိချစ်မှန်းသိရင် ဥက္ကာပျံ့ သိပ်အံ့သြနေမှာ ပဲနော်။

စိတ်ထဲက ဖျတ်ခနဲ ဥက္ကာပျံ့ဆီ ရောက်သွားသည် ။

ဥက္ကာ။

ကိုဒေးကလေ ငွေလအပေါ် သိပ်ကြင်နာတာပဲ။ ယုယုယယနဲ့ နားလည်ဖေးမမှုလည်း အပြည့်အဝရှိတယ်။ သူ့ဖက်ကငွေလအပေါ် အတိုင်းထက်အလွန် ကောင်းနေတယ် သိလား။

တကယ်ပဲ ငွေလဘဝ ပြီးပြည့်စုံပါတယ်။

ဘယ်နေရာမှ လစ်လပ်တာ၊ လစ်ဟာတာ မရှိပါဘူး။

သူ့ရဲ့ ဂရုစိုက်မှုတွေ၊ သန့်စင်တဲ့ မေတ္တာတရားတွေဟာ ငွေလရဲ့ ရင်ထဲကို လတစ်စင်းရောက်နေသလို အတိုင်းအဆမဲ့ အေးမြသာယာပြီး ချမ်းမြေ့ကြည်နူး ရှိရလွန်းပါတယ်။

ငွေလလေ ဥက္ကာကို သတိရဖို့ မလိုတော့ဘူး။

ရှင်က ငွေလကို ပူလောင်ပြင်းပြတဲ့ အချစ်တွေပဲ ပေးခဲ့တာ။ နာကျင်ခါးသီးရတဲ့ စိတ်ဒဏ်ရာတွေပဲ ပေးအပ်ခဲ့တာပါ။

ငွေလ ရှင့်ကို မချစ်ချင်တော့ဘူး ဥက္ကာ။

မုန်းမေ့ထားလိုက်ချင်ပါပြီ။

ရှင့်အကြောင်းတွေလည်း ပြန်မတွေးချင်တော့ဘူး။

မတွေးချင်တော့ဘူးဟု ဆိုသော်လည်း ဖိနပ်ကလေးစီးဖို့ ပြင်ရင်း ငွေလမှုန်မှုန်ရဲ့ ခေါင်းထဲမှာ ဥက္ကာပျံအကြောင်းတွေက ဘယ်ကဘယ်လို ရောက်လာမှန်းမသိချေ။

မေ့ထားလိုက်ပါ့မယ်ဆိုမှ အတွေးထဲမှာ တရေးရေး လာပေါ်နေသေးသည် ။

ငွေလမှုန်မှုန်ရဲ့ ဘဝသည် ကိုဆန်းဒေးမင်းရဲ့ ကြင်နာဂရုစိုက်မှုများနှင့် ပြီးပြည့်စုံ လုံလောက်နေပါလျက် တစ်ခါတစ်ရံမှာ နွမ်းနေတဲ့ ပန်းကလေးတစ်ပွင့်လို ဘာကြောင့်များ ဥက္ကာပျံဆိုတဲ့ ရေအေးအေးလေးကို လိုအပ်နေတတ်တာလဲ။

ဘာလို့ များ ဒီလိုခံစားချက်က ပေါ်ပေါက်ရသေးတာလဲ။

ကိုယ့်ဘာသာပင် ငွေလ နားမလည်နိုင်တော့ပါ။

တကယ်ဆို ငွေလရင်ထဲကနေ သူ့ကို ထုတ်ပယ်ပစ်ခဲ့တာ အတန်ကြာပြီပဲ။

သို့သော် ဘာကြောင့် ထုတ်မရသေးတာလဲ။

မရည်ရွယ်ပါဘဲနှင့် အတွေးတွေက ဥက္ကာဆီ လှစ်ခနဲလှစ်ခနဲ ရောက်

ရောက်သွားတတ်သည် ။

အခုလည်း အပြင်သွားဖို့ ဖိနပ်စီးကာနီးမှ တွေဝေဝေးငိုင်နေမိပြန်သည် ။

ဖိနပ်ကို ထိုင်စီးဖို့ အရေး အိမ်ကကောင်မလေး ပုပုကို အကူအညီ လှမ်းတောင်းရဦးမည်။

ပုပုရေ ဟု လည်း လှမ်းမအော်ချင်။

ဒါနှင့်ပဲ ဧည့်ခန်းက လယ်သာဆက်တီမှာ ပဲ လာပြန်ထိုင်မိသည် ။

စီးတီးမတ်လည်း မသွားချင်တော့။

ပျံ့လွင့်နေသော အတွေးတွေကြောင့် တီဗွီရီမုတ်ကို နှိပ်လိုက်သည် ။

ကြည့်လိုက်ရတာက လွှင့်လက်စ ကိုရီးယားဇာတ်လမ်းတွဲလေးတစ်ခု။

ကောင်လေးနဲ့ ကောင်မလေးက ကော်ဖီဆိုင်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကြည်ကြည်နူးနူးစကားတွေ ပြောနေကြသည် ။

ကောင်လေးဟာ ဥက္ကာပျံလိုပဲ ဆံပင်တိုတိုထောင်ထောင်နှင့်။

ဥက္ကာပျံရဲ့ နှုတ်ခမ်းလေးချွန်ပြီး ဂျစ်ကန်ကန် စိုက်ကြည့်တတ်တဲ့ စူးစူးစိုက်စိုက်အကြည့်ဝေးကို သတိရစေသည် ။

ဒီနေ့ ဘယ်လိုဖြစ်တာလဲ။

ဘာကြောင့် ဥက္ကာပျံကိုပဲ ခဏခဏ သတိရနေမိတာလဲ။

ပြန်မတွေးချင်လို့ တီဗွီအပျင်းပြေ ဖွင့်ကြည့်တာတောင် ကိုရီးယားဇာတ်လိုက်မင်းသားလေးရဲ့ ဆံပင်ထားပုံစတိုင်ဟာ ဥက္ကာပျံနှင့် လာတူ

နေသေး၏။

ထိန်းချုပ်နေရင်းကပဲ ငွေလမှုန်မှုန်ရဲ့ အတွေးအာရုံလေးက အတိတ်ကာလလေးတစ်ခုဆီသို့ ပြန်ပြေးသွားနေ၏။

***